
ဟိန်းဆက်သွင်
နှစ်ဆယ့်တစ်ရာစုအရှုံးသမား
နှင့်
နှလုံးသား အပိုင်းအစ ကဗျာများ

## မေတ္တာကမ္ပည်း

ကဗျာဆရာသည် စကားပြေသမားထက် ယုံကြည်ချက် ရဲရင့်သည်ထင်၏ ။ သူ့ကဗျာသည် မင်ရည်စွတ်စိုသည့် ကလောင်ဖျားမှ ပွင့်သန်လာခြင်းမဟုတ်။ သူ၏ ရင်မှ ပင့်ဖူးလာခြင်းဖြစ်သည်ဟု ကဗျာဆရာသည် ယုံကြည်၏ ။ သူ့ကဗျာကို သူမြတ်နိုး၏ ။ သူ့ကဗျာကို အထိမခံ။ သူ့ကဗျာကို ခြင်ကိုက်မခံ၊ ယင်နားမခံ။ သို့ဆိုလျှင် သူ့ကဗျာကို ပုတ်ခတ်တို့ထိလာခြင်းကိုကား ကဗျာဆရာသည် အစွမ်းကုန် ကာကွယ်ပေတော့မည်။

ထိုသို့ဖြစ်သဖြင့် ကဗျာဆရာသည် သူ့ကဗျာကို အလွန်မြတ်နိုးသည့်နည်းတူ သူ၏ ကဗျာဆရာအဖြစ်ကိုလည်း အလွန်ဂုဏ်ယူတန်ဖိုးထားသူဖြစ်ပေလိမ့်မည်။ သင် မည်သူနည်း။ အမေးရှိပါက "ကျုပ် မြန်မာကဗျာဆရာပဲ"ဟု ကြည်နူးစွာ ဖြေမည်ဟု ယုံကြည်၏ ။ ထိုသို့ဖြေရသဖြင့် အလွန်လည်း ကျေနပ်ဂုဏ်ယူနေပါလိမ့်မည်။

သို့သော် သာမန် "ကဗျာဆရာ" လော၊ "မြန်မာကဗျာဆရာ" လောဟူ၍ကား ခွဲခြမ်းရဖွယ် ရှိမည် ထင်ပါ၏ ။

**(ဆင်ဖြူကျွန်း အောင်သိန်း-**

**မြန်မာကဗျာအဆောက်အအုံသစ်၊ ကဗျာမဂ္ဂဇင်း)**

ကဗျာဆရာဟူသောဂုဏ်ပုဒ်ကို ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၏ အထက်ပါ စာ၊ ဝါကျများထက် ပိုမို၍ ကျွန်တော်မတင်စားနိုင်အပ်ပါ။ ပြီးပြည့်စုံသော စာ၊ ဝါကျတို့၏ အောက်မျက်နှာစာတွင်သာ ကျွန်တော်အနည်းငယ်မျှလိုက်ပါ တင်ပြနိုင်စွမ်းပေမည်။

*

နိုင်ငံ၏ ယနေ့အခြေအနေသည် ထန်းလျက်ခဲကို ပုရွက်ဆိတ်အုံနေသော၊ ငါးပွက်ရာတွင် ငါးစာချနေသော၊ ငါးစာချရာတွင်သာ ငါးပွက်နေကြရရှာသော အခြေအနေများပမာ ရင်မှာ ခံစားရှုမြင်ထားမိသည်။

ထိုသို့

ဤသို့

အုံထ၊ အုံခဲနေတတ်ကြရာ သဘာဝ အစုအဝေးများထဲတွင် ကဗျာဆရာအဖြစ်ကို ဘဝနှင့် ရင်း၍ စုဝေးအုံခဲနိုင်သော အုံခဲဦးရေမှာ လွန်စွာ နည်းပါးနေမည်ဖြစ်ကြောင်း နိုင်ငံ၏ လက်ရှိအခြေအနေကို ကြည့်မော်လျက် ရင်နာစွာ ကျွန်တော်သုံးသပ်လိုပေသည်။

ထို့ကြောင့်

သူများ ယောင်တိုင်း လိုက်မယောင်တတ်ကြသူများထဲတွင် ကဗျာဆရာသည် ထိပ်ဆုံးမှ ရှိနေမြဲဖြစ်ကြောင်း အထင်အရှား ခံစားသိမြင်တတ်ခဲ့သည်။

ကဗျာဆရာတို့သည် ကိုယ့်ယုံကြည်ချက်တွင်သာ ကိုယ့်ဘာသာ မြတ်နိုးအုံခဲလျက် ငါးစာချရာ အရပ်ဒေသရှိရာသို့ တံတွေးပင် လှည့်ထွေးလေ့ မရှိကြသော စာပေတပ်ဦး၏ ဘဝသူရဲကောင်းများဖြစ်ကြောင်း ကဗျာအောင်လံတော်ကို လွှင့်ထူလျက် ကျွန်တော် အလေးပြု၊ တင်စားအပ်ပါသည်။

သို့ကြောင့်

ကဗျာရေးသူကဗျာဆရာ မည်သူမည်ဝါအား ကျွန်တော်မည်ရွေ့မည်မျှလေးစားအပ်ပါကြောင်း စာဖွဲ့ ဇာချဲ့မနေလိုတော့ပါ။

သူများ ယောင်တိုင်း လိုက်လိုက်ယောင်တတ်ကြသူ

ယောင်ချာချာယောင်လည်လည် ယောင်ခြောက်ဆယ်များထဲ၌ (လုံး၀)
ပါ၀င်ရောယောင်လေ့မရှိသော ကဗျာချစ်သူ၊ ကဗျာရေးသူများ အားလုံးကို
လေးစားရိုကျိုးတန်ဖိုးထားလျက် တစ်သက်တာ ဂုဏ်ယူအားပေးနေပါကြောင်း
မေတ္တာကမ္ဘည်း ရေးထိုးအပ်ပါသည်။

**မောင်လှမျိုး(ချင်းချောင်းခြံ)**

**2014.May 29**

**7:15(PM)**

*

အခန်း (၁)

## လင်္ကာဒီပနှလုံးသား

မပိုင်ပန်းမို့

မနိုင်မှန်းသိပေမယ့်

ပြိုင်စမ်းကြည့်မယ် သီတာရေ။

ထာဝရရက်စက်လို့

ရာမလက်ချက်နဲ့

ရာဝဏအသက် သေချင်သေ။

မုန်းမျက်မာန်ရှပါတဲ့

အရှုံးလက်ကျန်ဘဝမှာ

ခဏသာ အတူရှိခဲ့ပေလည်း

အပူမိခဲ့လေတဲ့ အသည်းစိုင်မှာ

မခွဲနိုင် မခွာရက်ပေမယ့်

ကြမ္မာက မျက်နှာသာမပေးတော့

ကာလ ရက်ကြာ အဆွေးတွေနဲ့

တစ်သက်တာဝေးဖို့ ဖန်လာပေ

သံသရာရှည်ပေါ့ ဒသာအရှုံး။

ချစ်မိသမျှ ရင်နှလုံးကြေပါဘိ

အပြစ်ရှိက သင်ပုန်းချေပါတော့

သခင် အမုန်းတွေ ထပ်မတိုးပါနဲ့

နတ်ဆိုးလို အချစ်ပြင်းတာမို့

စစ်ခင်းကာ အနိုင်တိုက်ပေမယ့်

မပိုင်ထိုက်လေတဲ့ ကံကပါတော့

မင်းရာမ လေးအခွင်းမှာ

သွေးချင်းချင်း ရေလောင်းချသလို

ခေါင်းကဆယ်ခိုင် မြေမှာသက်လို့

ဝေဒနာထွက်သက် ဘဝဆုံးတိုင်ထိ

(မယ်သီတာရယ်..)

မုန်းရက်နိုင်တုန်း။

*

အခန်း (၂)

## စောင့်နေမိသူ

သခင်လာနိုး၊ မြင်သာနိုးနဲ့

မျှော်ကိုးစောင့်စား၊ နှလုံးသားလည်း

အားငယ်စိုးရွံ့လွန်းလှပြီ။

*****

အခန်း (၃)

# လမိုက် လိပ်ပြာ

အိပ်မပျော်ခင်မှာ..

စိတ်ခေါ်နိုင်ရာ မျော။

ပင့်သက်ခွေ ခါခါချ…

ညရဲ့ အမော။

* * * * *

အခန်း (၄)

## အလွမ်းပွင့်

အလွမ်း တစ်မိနစ်မှာ ....

ပန်းတစ်ပွင့်သာ ပွင့်ပါတော့။

အလွမ်း တစ်ရာသီဆို...

နန်းကမ္ဘာ ဤမြေတစ်ဝှမ်း

ပန်းဖုံးမည်ပေ့ါ။

* * * * *